# မာတိကာ

## ပဏာမစကား


ဆိုင်မွန်မာရေး ၁၅
ရေတာပ်ပိုလ်ချုပ်ကြီး ဝီလျံ(ဘီလ်)အေအိုဝင်(စ်) ၁၉
မီဒေးလ်လင်းဒ်စထရောင်းမ် ၂၅


## နိဒါန်း


Huawei အကြောင်းကို နောက်ကျသူ ဟူ၍ မရှိ ၂၉


## ကျေးဇူးတင်လွှာ ၃၄

## မိတ်ဆက်


လုပ်ငန်းစီမံခန့်ခွဲမှု ဒဿန
Huawei အောင်မြင်မှုနောက်ကွယ်မှ လျှို့ဝှက်အစွမ်း ၃၉


## အခန်းများ


၁။ သာမန်အသိဉာဏ်နှင့် အမှန်တရား။ ဈေးဝယ်သူသာ အခရာ ၆၅
၂။ စီးပွားရေး၏ ဝိညာဉ်၊ စိတ်နှစ်မှုသည် အောင်မြင်မှု၏ အဓိကသော့ချက် ၁၀၇
၃။ ပွင့်လင်းမှု။ သေရေးရှင်ရေးတမျှ ၁၅၉
၄။ အလေးအမှုညှိနိုင်းခြင်း တောတွင်းဥပဒေသ ၂၁၁
၅။ မီးခိုးရောင် သဘောတရား။ အလိုဆန္ဒကို မီးထိုးပေးခြင်းနှင့် ထိန်းချုပ်ခြင်း ၂၆၉
၆။ မိမိကိုယ်မိမိ ဝေဖန်ရေးစွမ်းရည် ထက်မြက်မှုသည် အဖွဲ့အစည်းတစ်ခု၏ စိတ်ဓာတ်ပင်ဖြစ်သည်၊ ၃၀၇
၇။ အပြောင်းအလဲဟူသည် (၁) ကန့်သတ်မှု ခုနစ်ခု နှင့် အရိပ်လက္ခဏာ ရှစ်ခု ၃၄၇
၈။ ပြောင်းလဲရေး (၂)၊ အရေးကြီးသော ရည်ရွယ်ချက်များ ၃၇၅
၉။ Huawei ၏ ခေါင်းဆောင်မှု ပြဿနာနှင့် လွှမ်းမိုးမှု၊ အနှစ်သာရနှင့် အသုံးချခြင်း ၃၇၉


## နောက်ဆက်တွဲ


အနာဂတ်တုန်ခါမှုနှင့် တရုတ်၏အခွင့်အလမ်းများ ၄၁၁
စာရေးသူများအကြောင်း ၄၂၅


ဤစာအုပ်သည် ကုမ္ပဏီတစ်ခု၏ ဇာတ်လမ်းမဟုတ်မူပဲ လူတစ်ယောက်၏ ဇာတ်လမ်းသာလျှင်ဖြစ်သည်။ ကျွန်ုပ်တို့၏ ခေါင်းဆောင်များထံတွင် ကျွန်ုပ်တို့က ရှိနေစေချင်လှသည့်တိုင် ရှိခဲလှသည်ဖြစ်သော မျှော်မှန်းချက်၊ သတ္တိ၊ သန္နိဋ္ဌာန် စိတ်၊ ရိုးသားမှု၊ တည်ကြည်မှု၊ သည်းခံမှု၊ ဖွဲ့ စသည် စသည်တို့ကို ပိုင်ဆိုင်ထားသူတစ်ယောက်၏ ဇာတ်လမ်းဖြစ်သည်။ ဤစာအုပ်သည် 'ဖြစ်' ချင်သူများ မဟုတ်ကြသော်လည်း 'လုပ်' ချင်စိတ် ထက်သန်ကြသည့် ဘဝစာသင်သားတို့ မဖြစ်မနေ ဖတ်ရမည့် စာအုပ်တစ်အုပ်ဖြစ်သည်။

အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး စစ်တပ်မှ ရာထူးနိမ့်နိမ့်ဖြင့် ထွက်လာသူ ရန်ကျန်းဖေ့သည် သူ့လုပ်ငန်းကို ၁၉၈၇ ခုနှစ်တွင် တရုတ်ယွမ်ငွေ ၂၀,၀၀၀ ဖြင့် စတင်ခဲ့သည်။ မိုဘိုင်းဖုန်းသည် ဈေးကွက်ထဲသို့ ဝင်တော့မည်။ AT & T၊ ဘီတီ BT၊ Cable & Wireless၊ France Telecom၊ Deutsche Telecom စသည့် 'ဒိုင်နိုဆော' ကြီးများက နှစ်ပေါင်းများစွာ မောင်ပိုင်စီးထားကြသော ဆက်သွယ်ရေးလုပ်ငန်းနယ်ပယ်တွင်းသို့ ပုရွက်ဆိတ်များက 'လက်ကိုင်ဆယ်လူလာဖုန်းများ၊ ရောက်လာတော့မည်' ဟူ၍ ကြွေးကြော်ရင်း ချင်းနင်းဝင်ရောက် လာကြတော့မည်။ ယင်းတို့အထဲတွင် တရုတ်ပြည်မှ Huawei သည်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ အမေရိကန်၊ ဥရောပ၊ ဂျပန်တို့မှ ကုမ္ပဏီများရှိနေသကဲ့သို့ပင်လျှင် တရုတ်နိုင်ငံ ဗဟိုအစိုးရက ငွေရော နိုင်ငံရေးအရရော ပံ့ပိုးထားသည့် တရုတ်အစိုးရပိုင် ကုမ္ပဏီများကလည်း အပြိုင်အဆိုင် နေရာလုနေကြသည့် အနီးဆက်သွယ်ရေးလုပ်ငန်းနယ်ပယ်ထဲသို့ ဝန်ထမ်း သုံးဦး၊ ရင်းနှီးငွေမဆို စလောက်နှင့် ဝင်လာသည့် လုပ်ငန်းစတင်ကာစ ပုဂ္ဂလိကကုမ္ပဏီတစ်ခု ဖြစ်သည်။

ယနေ့တွင်မူ ကမ္ဘာ့အနှံ့တွင်ရှိနေကြသော Huawei ကုမ္ပဏီဝန်ထမ်း ၁၇၀,၀၀၀ အနက် ၈၀,၀၀၀ တို့မှာ ကုမ္ပဏီ၏အစုရှယ်ယာရှင်များဖြစ်နေကြလေပြီ၊ မစ္စတာရန်ကျန်းဖေ့က သူ့အတွက် ၁.၄ ရာခိုင်နှုန်းသာ ယူထားပြီး ကျန်ရှယ်ယာရာများကို မျှဝေပေးလိုက်သော



ကြောင့် Huawei သည် ရာခိုင်နှုန်းပြည့် ဝန်ထမ်းပိုင်ကုမ္ပဏီ ဖြစ်နေလေပြီ။ ဝင်ငွေမှာ ကန်ဒေါ်လာ ဘီလျံ ၄၀ ရှိနေပြီး ကမ္ဘာ့အနှံ့ နိုင်ငံပေါင်း ၁၇၀ တို့တွင် လုပ်ငန်းများ လည်ပတ် ဆောင်ရွက်နေလျှက်ရှိသည်။

ဤစာအုပ်တွင် Huawei ကုမ္ပဏီ၏ အံ့သြဖွယ်ရာအောင်မြင်မှုနှင့် ထိုသို့ အောင်မြင်ရခြင်း အကြောင်းရင်းများပါဝင်သည်သာမက၊ အနောက် ကမ္ဘာက လေ့လာသင်ယူရမည့် အတွေးအခေါ်၊ ဉာဏ်ပညာ၊ နိဝါတတရားနှင့် ထူးဆန်းအံ့သြဖွယ်ရာ အစဉ်အလာ စသည်တို့လည်း ပါဝင်သည်။ Huawei သည် အခြားသူများ လုပ်ကိုင်ပြောဆိုကြသော သတင်းအချက်အလက်များကို သူ၏ ဆက်သွယ်ရေးစနစ်မှတစ်ဆင့် 'ကြားဖြတ်နိုးယူ' နေသည်ဟု အမေရိကန်က စွပ်စွဲသည်။ သို့ရာတွင် ထိုသို့ တစ်ခါလောက်ကလေးမျှ လုပ်မိသည်ကို လူတွေသိသွားသည်နှင့် တပြိုင်နက် သူ့စီးပွားရေး စုံးစုံးမြုပ်ပွဲသိမ်းသွားမည်ကို မစ္စတာရန် သိပါသည်။ မစ္စတာရန် ထိုမျှ မတုံးမအပါ။ ထို့ကြောင့် အခြားသူများ ထိုသို့လုပ်လျှင် လုပ်ကြမည်ဖြစ်စေကာမူ သူကတော့ မည်သည့်အခါတွင်မျှ ထိုသို့လုပ်လိမ့်မည်မဟုတ်။

Motorola၊ Lucent၊ IBM နှင့် အခြားအခြား အမြောက်အမြားသော ဒိုင်နိုဆောကြီးများ သေဆုံးကုန်ကြသည်ကို ကျွန်ုပ်တို့ သိကြပါသည်။ သူတို့သည် တွေဝေကြသည်။ လမ်းမှား လိုက်မိကြသည်။ နည်းပညာထက် ဈေးဝယ်သူကို ဦးစားပေးရမည်ဆိုခြင်းကို သတိလက်လွတ်ငှက်တောင် ကျွတ်ဖြစ်သွားကြသည်။ ဤစာအုပ်တွင် ထိုဖြစ်ရပ်အချို့ကို ဆန်းစစ်သုံးသပ်ထားသည်။ ဤစာအုပ်တွင် ပါဝင်သည်တို့မှာ ငြီးငွေ့ဖွယ်ရာ လေးပင်သော အကြောင်းအရာများဟု ရုတ်တရက်တွင် ထင်စရာရှိသော်လည်း ထိုသို့ မဟုတ်ပါချေ။ အဖတ်ရ ပေါ့ပါးသွက်လက်သည်။ တက်ကြွသော ပြိုင်ဆိုင်မှုများနှင့်အတူ မစ္စတာရန်၏ တည်ငြိမ် အေးဆေးသည့် အတွေးအခေါ်များ၊ အမြင်များကို ရောမွှေထားသည်၊ သူနှင့် ယှဉ်လိုက်ပါက ကျန်စီးပွားရေး 'သူရဲကောင်း' များသည် အေးစက်မာကျော သည်၊ ရုပ်ဝတ္ထုဆန်ကာ ပျူငှာနွေးထွေးမှု မရှိကြသည့်နှယ်ဖြစ်သွားကြသည်။ သူ့မှာမူ လှိုက်လှဲ ပျူငှာ သောနွေးထွေးမှုတို့ အလျှံပယ် ရှိနေလေ၏။



Energy PLC ကုမ္ပဏီတွင် ဒု-ဥက္ကဋ္ဌ စသည့် ရာထူးတာဝန်များ အပါအဝင် ဘုတ်အဖွဲ့ အတော်များများတွင် အဆင့်မြင့် ရာထူးများကို တာဝန်ယူဆောင်ရွက်ခဲ့သည်။ အသက် ၆၃ နှစ်အရွယ်တွင် တောင်ဝင်ရိုးစွန်းသို့ နံဘေးမှ ဖေးမကူညီပေးသူမပါဘဲ ရောက်ရှိခဲ့သဖြင့် ထိုသို့ရောက်ဖူးသူများတွင် အသက်အကြီးဆုံး ဖြစ်သည်၊ ၅၈ ရက်ကြာသည့် ထိုခရီးစဉ်တွင် သူ့ကိုယ်အလေးချိန် ပေါင် ၅၀ (၂၃ ကီလိုခန့်) လျော့ကျသွားခဲ့သည် ဆို၏။

■